အစီရင်ခံစာခေါင်းစဉ်။ **(ခ) စီးပွားရေးသတင်းများ**

အကြောင်းအရာ။ **စင်ကာပူကုမ္ပဏီများပူးပေါင်းအဖွဲ့မှ အိန္ဒိယနိုင်ငံ၌တည်ဆောက်မည့် အမရဝတီမြို့ပြစီမံကိန်း အပြီးသတ်မဟာစီမံချက်အား လွှဲအပ်ခဲ့ခြင်း**

၁။ အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ်၌ မြို့တော်အသစ်တည်ထောင်နိုင်ရန် အတွက် မဟာစီမံချက်ရေးဆွဲခြင်းကို စင်ကာပူနိုင်ငံအခြေစိုက် ဆာဘာနာအတိုင်ပင်ခံလုပ်ငန်းနှင့် ဂျူရောင်းဦးပိုင်လီမိတက်တို့ ပူးပေါင်းအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့ရာ နောက်ဆုံးအဆင့်ဖြစ်သော မြို့ပြတည်ထောင်မှု သန္ဓေဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို အပြီးသတ်ရေးဆွဲနိုင်ခဲ့ပြီဖြစ်ပါသည်။ သို့ ဖြစ်၍ အဆိုပါမဟာစီမံချက် လွှဲပြောင်းပေးအပ်မှု အခမ်းအနားကို ဇူလိုင်လ ၂၀ ရက်နေ့၌ အန်ဒရာ ပရာဒေ့ရှ်ပြည်နယ်တွင် ကျင်းပခဲ့ရာ ၎င်းပြည်နယ်ဝန်ကြီးချုပ် Mr. Chandrababu Naidu နှင့် စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr. S Iswaran တို့တက်ရောက် ခဲ့ကြပါသည်။

၂။ အမရဝတီမြို့ (Amaravati) ဟုခေါ်တွင်မည့် မြို့သစ်တည်ဆောက်ရေး စီမံချက်ရေးဆွဲမှု ဆိုင်ရာ နားလည်မှုစာချွန်လွှာကို ယခင်နှစ် ဒီဇင်ဘာလအတွင်း စင်ကာပူနှင့်အိန္ဒိယနှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့ပြီး အဆင့်သုံးရပ်ဖြင့်မဟာစီမံချက်ရေးဆွဲခဲ့ရာ ပထမအဆင့်ဖြစ်သော မြို့တော် တည်ဆောက်မှုစီမံချက်ကို ယခုနှစ်မတ်လ၌လည်းကောင်း၊ ဒုတိယအဆင့်ဖြစ်သည့် မြို့တော်၏အနီး ပတ်ဝန်းကျင်ဒေသ တည်ဆောက်ရေးစီမံချက်အား မေလတွင်လည်းကောင်း အန်ဒရာပရာဒေ့ရှ် ပြည်နယ်အစိုးရသို့ ပေးအပ်ပြီးဖြစ်ပါသည်။ ၎င်းစီမံချက်နှစ်ရပ်တွင် အမြန်ရထားလမ်းကွန်ယက် များ၊ စက်မှုဇုန်များ၊ ကူးသန်းရောင်းဝယ်ရေးဇုန်များနှင့် လေယာဉ်ကွင်းတည်ဆောက်ရန် အစီအစဉ် များပါဝင်ပြီး ယခုအကြိမ်လွှဲပြောင်းပေးသည့် မြို့ပြသန္ဓေဖွံ့ဖြိုးတိုးတက်ရေးစီမံချက်၌ အကျယ် အဝန်း ၁၆.၉ စတုရန်းကီလိုမီတာအတွင်း အစိုးရဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းများနှင့် လူနေ ထိုင်ရန်တို့အတွက် အဆောက်အဦတည်ဆောက်ရေးလုပ်ငန်းများ ပါဝင်မည်ဖြစ်သည်။

၃။ မြို့ပြတည်ဆောက်ရေးလုပ်ငန်းများကို လာမည့် အောက်တိုဘာလ ၂၂ ရက်နေ့၌ အုတ်မြစ်ချ အခမ်းအနားဖြင့် စတင်နိုင်ရန်ကြိုးပမ်းလျက်ရှိပြီး သန္ဓေဖွံ့ဖြိုးတိုးတက်ရေးအစီအမံအား အကောင် အထည်ဖော်ဆောင်ရွက်မည့် အဆင့်ငါးရပ်အနက်ပထမအဆင့်ကို ၂၀၁၈ ခုနှစ်၌ပြီးစီးရန် အန်ဒရာ ပရာဒေ့ရှ်ပြည်နယ် ဝန်ကြီးချုပ် Mr. Naidu မှ မျှော်လင့်လျက်ရှိပါသည်။ Mr. S Iswaran ကလည်း ယခုစီမံကိန်း၏ ကြီးမားကျယ်ပြန့်မှု အနေအထားအရ စင်ကာပူကုမ္ပဏီများအနေဖြင့် ဝင်ရောက် လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများစွာရှိနေကြောင်း ပြောဆိုပါသည်။ လက်ရှိကာလတွင် စင်ကာပူ အခြေစိုက် စက်မှုဇုန်တည်ထောင်ခြင်းဆိုင်ရာ ထောက်ပံ့မှုလုပ်ငန်းများအား ဆောင်ရွက်နေသော Sembcorp လီမိတက်နှင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ကိုင်သည့် Ascendas-Singbridge ကုမ္ပဏီတို့မှ အမရဝတီမြို့တော် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ထုတ် ဖော်ပြောကြားထားကြပါသည်။

(နေအေးလွင်)
စီးပွားရေးသံမှူး

**ကိုးကားချက်များ**

(၁) စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ ၂၀.၇.၂၀၁၅ နေ့ သတင်းထုတ်ပြန်ချက် Singapore delivers Final Master Plan for Andhra Pradesh's New Capital City

(၂) The Straits Times သတင်းဌာန၏ ၂၁.၇.၂၀၁၅ နေ့ သတင်းဖော်ပြချက် Final masterplan handed over

(၃) Channel NewsAsia သတင်းဌာန၏ ၂၀.၇.၂၀၁၅ နေ့ သတင်းဖော်ပြချက် Singapore delivers final phase of Andhra Pradesh's new capital city masterplan

အစီရင်ခံစာခေါင်းစဉ်။ **(ခ) စီးပွားရေးသတင်းများ**

အကြောင်းအရာ။ **စင်ကာပူကုမ္ပဏီများပူးပေါင်းအဖွဲ့မှအိန္ဒိယနိုင်ငံ၌တည်ဆောက်မည့် အမရဝတီမြို့ပြစီမံကိန်းအပြီးသတ်မဟာစီမံချက်အားလွှဲအပ်ခဲ့ခြင်း**

၁။ အိန္ဒိယနိုင်ငံတောင်ပိုင်းအန်ဒရာပရာဒေ့ရှ်ပြည်နယ်၌ မြို့တော်အသစ်တည်ထောင်နိုင်ရန် အတွက်မဟာစီမံချက်ရေးဆွဲခြင်းကိုစင်ကာပူနိုင်ငံအခြေစိုက် ဆာဘာနာအတိုင်ပင်ခံလုပ်ငန်းနှင့် ဂျူရောင်းဦးပိုင်လီမိတက်တို့ပူးပေါင်းအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့ရာနောက်ဆုံးအဆင့်ဖြစ်သောမြို့ပြတည်ထောင်မှုသန္နေဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကိုအပြီးသတ်ရေးဆွဲနိုင်ခဲ့ပြီဖြစ်ပါသည်။သို့ဖြစ်၍ အဆိုပါမဟာစီမံချက် လွှဲပြောင်းပေးအပ်မှုအခမ်းအနားကိုဇူလိုင်လ ၂၀ ရက်နေ့၌အန်ဒရာပရာဒေ့ရှ်ပြည်နယ်တွင်ကျင်းပခဲ့ရာ ၎င်းပြည်နယ်ဝန်ကြီးချုပ် Mr. Chandrababu Naidu နှင့် စင်ကာပူနိုင်ငံကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Mr. S Iswaranတို့တက်ရောက်ခဲ့ကြပါသည်။

၂။ အမရဝတီမြို့ (Amaravati)ဟုခေါ်တွင်မည့် မြို့သစ်တည်ဆောက်ရေးစီမံချက်ရေးဆွဲမှုဆိုင်ရာနားလည်မှုစာချွန်လွှာကိုယခင်နှစ် ဒီဇင်ဘာလအတွင်းစင်ကာပူနှင့်အိန္ဒိယနှစ်နိုင်ငံအကြားလက်မှတ်ရေးထိုးခဲ့ပြီးအဆင့်သုံးရပ်ဖြင့်မဟာ ၁စီမံချက်ရေးဆွဲခဲ့ရာပထမအဆင့်ဖြစ်သောမြို့တော်တည်ဆောက်မှုစီမံချက်ကိုယခုနှစ်မတ်လ၌လ ည်းကောင်း၊ ဒုတိယအဆင့်ဖြစ်သည့် မြို့တော်၏အနီးပတ်ဝန်းကျင်ဒေသတည်ဆောက်ရေးစီမံချက်အားမေလတွင်လည်းကောင်းအန်ဒရာ ပရာဒေ့ရှ်ပြည်နယ်အစိုးရသို့ ပေးအပ်ပြီးဖြစ်ပါသည်။ ၎င်းစီမံချက်နှစ်ရပ်တွင် အမြန်ရထားလမ်းကွန်ယက်များ၊ စက်မှုဇုန်များ၊ ကူးသန်းရောင်းဝယ်ရေးဇုန်များနှင့် လေယာဉ်ကွင်းတည်ဆောက်ရန် အစီအစဉ်များပါဝင်ပြီးယခုအကြိမ်လွှဲပြောင်းပေးသည့် မြို့ပြသန္နေဖွံ့ဖြိုးတိုးတက်ရေးစီမံချက်၌အကျယ်အဝန်း ၁၆.၉ စတုရန်းကီလိုမီတာအတွင်းအစိုးရဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းများနှင့် လူနေထိုင်ရန်တို့အတွက် အဆောက်အဦတည်ဆောက်ရေးလုပ်ငန်းများပါဝင်မည်ဖြစ်သည်။

၃။ မြို့ပြတည်ဆောက်ရေးလုပ်ငန်းများကိုလာမည့် အောက်တိုဘာလ ၂၂ ရက်နေ့၌ အုတ်မြစ်ချအခမ်းအနားဖြင့် စတင်နိုင်ရန်ကြိုးပမ်းလျက်ရှိပြီးသန္နေဖွံ့ဖြိုးတိုးတက်ရေးအစီအမံအားအကောင်အထည်ဖော်ဆောင် ရွက်မည့်အဆင့်ငါးရပ်အနက်ပထမအဆင့်ကို၂၀၁၈ ခုနှစ်၌ပြီးစီးရန် အန်ဒရာပရာဒေ့ရှ်ပြည်နယ်ဝန်ကြီးချုပ် Mr. Naidu မှ မျှော်လင့်လျက်ရှိပါသည်။ Mr. S Iswaranကလည်းယခုစီမံကိန်း၏ ကြီးမားကျယ်ပြန့်မှုအနေအထားအရစင်ကာပူကုမ္ပဏီများအနေဖြင့် ဝင်ရောက် လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများစွာရှိနေကြောင်းပြောဆိုပါသည်။ လက်ရှိကာလတွင် စင်ကာပူအခြေစိုက် စက်မှုဇုန်တည်ထောင်ခြင်းဆိုင်ရာထောက်ပံ့မှုလုပ်ငန်းများအားဆောင်ရွက်နေသောSembcorpလီ မိတက်နှင့် မြို့ပြဖွံ့ဖြိုးရေးလုပ်ကိုင်သည့် Ascendas-Singbridgeကုမ္ပဏီတို့မှ အမရဝတီမြို့တော်

တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် ဆန္ဒရှိကြောင်းထုတ်ဖော်ပြောကြားထားကြပါသည်။

(နေအေးလွင်)
စီးပွားရေးသံမှူး

**ကိုးကားချက်များ**

(၁) စင်ကာပူနိုင်ငံကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ ၂၀.၇.၂၀၁၅နေ့ သတင်းထုတ်ပြန်ချက် Singapore delivers Final Master Plan forAndhra Pradesh's New Capital City

(၂) The Straits Times သတင်းဌာန၏ ၂၁.၇.၂၀၁၅ နေ့ သတင်းဖော်ပြချက် Final masterplan handed over

(၃) Channel NewsAsiaသတင်းဌာန၏ ၂၀.၇.၂၀၁၅ နေ့ သတင်းဖော်ပြချက် Singapore delivers final phase of Andhra Pradesh's new capital city masterplan

## ၁၁.၈.၂၀၁၅ နေ့ စင်ကာပူနိုင်ငံ၌ ဖြစ်ပေါ်သော သဘာဝဓါတ်ငွေ့နှင့် စက်သုံးဆီ လက်လီဈေးနှုန်းစာရင်း

| No. | Commodity | Unit | Retail Price | | Remarks |
|---|---|---|---|---|---|
| | | | S$ | US$ | |
| 1 | **Petrol** | | | | |
| | Shell FuelSave 98 (98UL) | 1 Litre | 2.41 | | Shell Co Ltd |
| | Shell FuelSave 95 (95UL) | 1 Litre | 2.13 | | Shell Co Ltd |
| | Shell V-Power (98UL) | 1 Litre | 2.76 | | Shell Co Ltd |
| | SPC LEVO 98 | 1 Litre | 2.31 | | SPC Co Ltd |
| | SPC LEVO 95 | 1 Litre | 2.12 | | SPC Co Ltd |
| | SPC LEVO 92 | 1 Litre | 2.08 | | SPC Co Ltd |
| 2 | **Diesel** | | | | |
| | Shell Diesel (AGO) | 1 Litre | 1.28 | | Shell Co Ltd |
| | Diesel | 1 Litre | 1.26 | | SPC Co Ltd |
| 3 | Jet A-1 fuel oil | 100 US Cents per US Gallon | | 230 | Price of Shell Global at Changi Airport |
| 4 | CNG | 1 Kilogram | 1.39 | | Union Gas Co Ltd |
| 5 | Natural Gas | 1 kWh | 0.1825 | | Pipe line rate of cooking gas for household usage (GST excluded) Supplied by Singapore Power Group |
| | **Exchange Rate** | 1US$ = 1.3983 S$, Monetary Authority of Singapore | | | |
| | Date | 11 August 2015 | | | |



(နေအေးလွင်)
စီးပွားရေးသံမှူး

## စင်ကာပူမြို့၏ ၁၁.၈.၂၀၁၅ နေ့တွင်ဖြစ်ပေါ်သော ကုန်ပစ္စည်းလက်လီဈေးနှုန်းများနှင့် ဈေးကွက်သတင်းအချက်အလက်တင်ပြချက်

၁။ စင်ကာပူမြို့၌ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင်ဖြစ်ပေါ်သော ကုန်ပစ္စည်းလက်လီဈေးနှုန်းများ၏ ၄.၈.၂၀၁၅ နေ့ဈေးနှုန်းနှင့်နှိုင်းယှဉ်၍ တက်ကျပြောင်းလဲမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကုန်အမျိုးအမည် | ကုန်အမှတ်တံဆိပ် | စင်ကာပူဈေးနှုန်း | | မြန်မာဈေးနှုန်း | | တက်/ကျ |
|---|---|---|---|---|---|---|---|
| | | | ရေတွက်ပုံ | S$ | ရေတွက်ပုံ | ကျပ် | |
| ၁ | ဟုန်မာလီ၁၀၀% ဆန် | Royal Umbrella - ထိုင်း | ၁ ကီလိုဂရမ် | ၂.၉၅ | ၁ ပြည် | ၅၃၈၆ | |
| ၂ | ဟုန်မာလီ၁၀၀% ဆန် | FairPrice Gold - ထိုင်း | ၁ ကီလိုဂရမ် | ၂.၁၂ | ၁ ပြည် | ၃၈၇၈ | ↓ |
| ၃ | ဟုန်မာလီရောနှောဆန် | FairPrice Golden Royal | ၁ ကီလိုဂရမ် | ၁.၆၇ | ၁ ပြည် | ၃၀၅၇ | ↑ |
| ၄ | ဟုန်မာလီဆန် | FairPrice Jasmine - ဗီယက်နမ် | ၁ ကီလိုဂရမ် | ၁.၅၅ | ၁ ပြည် | ၂၈၃၀ | |
| ၅ | ညှော်မထဆန် | AAA - ဗီယက်နမ် | ၁ ကီလိုဂရမ် | ၁.၀၆ | ၁ ပြည် | ၁၉၃၅ | ↓ |
| ၆ | ဘာစမာတီဆန် | India Gate - အိန္ဒိယ | ၁ ကီလိုဂရမ် | ၄.၇၈ | ၁ ပြည် | ၈၇၂၈ | |
| ၇ | မုံညင်းဆီ | FairPrice Canola | ၂ လီတာ | ၅.၇၀ | ၁ ပိဿာ | ၅၁၀၉ | |
| ၈ | နေကြာဆီ | FairPrice | ၂ လီတာ | ၅.၃၅ | ၁ ပိဿာ | ၄၇၈၇ | ↓ |
| ၉ | ဖွဲနုဆီ | FairPrice | ၂ လီတာ | ၅.၈၅ | ၁ ပိဿာ | ၅၂၃၄ | |
| ၁၀ | မြေပဲဆီ | FairPrice | ၂ လီတာ | ၈.၃၇ | ၁ ပိဿာ | ၇၄၈၈ | ↓ |
| ၁၁ | ဆား | FairPrice | ၁ ကီလိုဂရမ် | ၀.၇၂ | ၁ ပိဿာ | ၁၀၅၁ | |
| ၁၂ | ဆား | Pagoda Sea Salt | ၁ ကီလိုဂရမ် | ၂.၉၅ | ၁ ပိဿာ | ၄၃၀၆ | |
| ၁၃ | သကြား | FairPrice Fine | ၁ ကီလိုဂရမ် | ၁.၁၇ | ၁ ပိဿာ | ၁၇၀၈ | |
| ၁၄ | သကြား | Billington's Demerara | ၁ ကီလိုဂရမ် | ၆.၄၀ | ၁ ပိဿာ | ၉၃၄၁ | |
| ၁၅ | အေးခဲကြက်သား | Sadia -ဘရာဇီး | ၁ ကီလိုဂရမ် | ၄.၉၅ | ၁ ပိဿာ | ၇၂၂၅ | |
| ၁၆ | ကြက်သား | မလေးရှား | ၁ ကီလိုဂရမ် | ၇.၄၀ | ၁ ပိဿာ | ၁၀၈၀၀ | |
| ၁၇ | အေးခဲဝက်သား | Porkee | ၁ ကီလိုဂရမ် | ၁၀.၂၀ | ၁ ပိဿာ | ၁၄၈၈၇ | |
| ၁၈ | ဝက်သား | အနိမ့်ဈေး | ၁ ကီလိုဂရမ် | ၁၁.၆၀ | ၁ ပိဿာ | ၁၆၉၃၀ | |
| ၁၉ | ဝက်သား | အမြင့်ဈေး | ၁ ကီလိုဂရမ် | ၂၄.၉၀ | ၁ ပိဿာ | ၃၆၃၄၂ | |
| ၂၀ | အေးခဲအမဲသား | AMIR's Cube | ၁ ကီလိုဂရမ် | ၁၃.၀၀ | ၁ ပိဿာ | ၁၈၉၇၄ | ↓ |
| ၂၁ | အမဲသား | အနိမ့်ဈေး - ဩစတေးလျ | ၁ ကီလိုဂရမ် | ၁၇.၉၀ | ၁ ပိဿာ | ၂၆၁၂၅ | ↓ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂၂ | အမဲသား | အမြင့်ဈေး - ဩစတေးလျ | ၁ ကီလိုဂရမ် | ၄၅.၉၀ | ၁ ပိဿာ | ၆၆၉၉၂ | |
| ၂၃ | အေးခဲဆိတ်သား | Singourmet | ၁ကီလိုဂရမ် | ၁၇.၃၀ | ၁ ပိဿာ | ၂၅၂၅၀ | |
| ၂၄ | ဆိတ်သား | ဩစတေးလျ | ၁ကီလိုဂရမ် | ၁၉.၉၀ | ၁ ပိဿာ | ၂၉၀၄၄ | |
| ၂၅ | တီလားပီးယားငါး | အနက် | ၃၀၀ ဂရမ် | ၃.၀၀ | ၁ ပိဿာ | ၁၄၅၉၅ | |
| ၂၆ | ရွှေရောင်ငါးမုတ် | | ၁ ကီလိုဂရမ် | ၁၁.၈၀ | ၁ ပိဿာ | ၁၇၂၂၂ | ↑ |
| ၂၇ | ပုဇွန် | Black Tiger XL | ၁ ကီလိုဂရမ် | ၁၉.၀၀ | ၁ ပိဿာ | ၂၇၇၃၀ | |
| ၂၈ | ပုဇွန် | Grey Prawn XL | ၁ ကီလိုဂရမ် | ၂၀.၉၀ | ၁ ပိဿာ | ၃၀၉၆၃ | |
| ၂၉ | အာလူး | Brastagi -အင်ဒိုနီးရှား | ၁ ကီလိုဂရမ် | ၂.၄၅ | ၁ ပိဿာ | ၃၅၇၆ | |
| ၃၀ | ကြက်သွန်ဖြူ | Chef - တရုတ် | ၁ ကီလိုဂရမ် | ၂.၉၀ | ၁ ပိဿာ | ၄၂၃၃ | |
| ၃၁ | ကြက်သွန်နီ | Chef - တရုတ် | ၇၀၀ ဂရမ် | ၁.၂၀ | ၁ ပိဿာ | ၂၅၀၂ | |
| ၃၂ | ငရုတ်သီး အမှုန့် | Padi - မလေးရှား | ၁၀၀ ဂရမ် | ၀.၇၂ | ၁ ပိဿာ | ၁၀၅၀၈ | |
| ၃၃ | ဂျင်း | Pasar | ၁ ကီလိုဂရမ် | ၆.၉၅ | ၁ ပိဿာ | ၁၀၁၄၄ | |
| ၃၄ | ခရမ်းချဉ်သီး | မလေးရှား | ၁ ကီလိုဂရမ် | ၂.၂၀ | ၁ ပိဿာ | ၃၂၁၁ | |
| ၃၅ | ခရမ်းသီး | မလေးရှား | ၁ ကီလိုဂရမ် | ၄.၂၀ | ၁ ပိဿာ | ၆၁၃၀ | |
| ၃၆ | ဂေါ်ဖီထုပ်အကြီး | တရုတ် | ၁ ကီလိုဂရမ် | ၁.၂၀ | ၁ ပိဿာ | ၁၇၅၁ | ↑ |
| ၃၇ | ဂေါ်ဖီထုပ် | Bejing - တရုတ် | ၁ ကီလိုဂရမ် | ၁.၆၀ | ၁ ပိဿာ | ၂၃၃၅ | |
| ၃၈ | ပန်းမုန်လာ | တရုတ် | ၁ ကီလိုဂရမ် | ၂.၈၀ | ၁ ပိဿာ | ၄၀၈၇ | |
| ၃၉ | ကညွတ် | ထိုင်း | ၁ ကီလိုဂရမ် | ၁၄.၆၀ | ၁ ပိဿာ | ၂၁၃၀၉ | |
| ၄၀ | ဘိုစားပဲ | Pasar - မလေးရှား | ၂၅၀ ဂရမ် | ၁.၀၃ | ၁ ပိဿာ | ၆၀၁၁ | ↓ |
| ၄၁ | မုန်လာဥနီ | ဩစတေးလျ | ၅၀၀ ဂရမ် | ၀.၉၅ | ၁ ပိဿာ | ၂၇၇၃ | |
| ၄၂ | ပဲလွန်းဖြူ | Pasar | ၁ ကီလိုဂရမ် | ၃.၄၀ | ၁ ပိဿာ | ၄၉၆၂ | |
| ၄၃ | ပဲတီစိမ်း | Max's | ၁ ကီလိုဂရမ် | ၄.၅၀ | ၁ ပိဿာ | ၆၅၆၈ | |
| ၄၄ | ကြက်ဥ | အနိမ့်ဈေး | ၁ လုံး | ၀.၂၂ | ၁ လုံး | ၁၉၂ | |
| ၄၅ | ကြက်ဥ | အမြင့်ဈေး | ၁ လုံး | ၀.၃၇ | ၁ လုံး | ၃၂၇ | |
| ၄၆ | ပန်းသီး | Fuji | ၅ လုံး | ၄.၆၅ | ၁ လုံး | ၈၃၂ | |
| ၄၇ | ပန်းသီး | Royal Gala - နယူးဇီလန် | ၅ လုံး | ၂.၂၅ | ၁ လုံး | ၄၀၃ | |
| ၄၈ | လိမ္မော်သီး | Navel | ၁ လုံး | ၀.၃၅ | ၁ လုံး | ၃၁၃ | ↓ |
| ၄၉ | ဖရဲသီး | မလေးရှား | ၅ ကီလိုဂရမ် | ၆.၅၀ | ၁ လုံး | ၅၈၁၅ | |
| ၅၀ | သခွားမွှေး | Rock - ဩစတေးလျ | ၁ လုံး | ၄.၉၉ | ၁ လုံး | ၄၄၆၄ | |
| ၅၁ | ငှက်ပျောသီး | Aloha - ဖိလစ်ပိုင် | ၁ ကီလိုဂရမ် | ၁.၇၀ | ၁ လုံး | ၁၉၀ | |
| ၅၂ | နာနတ်သီး | မလေးရှား | ၁ လုံး | ၁.၉၀ | ၁ လုံး | ၁၇၀၀ | |
| ၅၃ | နဂါးမောက်သီး | ဗီယက်နမ် | ၁ လုံး | ၀.၆၀ | ၁ လုံး | ၅၃၇ | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅၄ | အုန်းသီးအနု | ထိုင်း | ၁ လုံး | ၂.၀၀ | ၁ လုံး | ၁၇၈၉ | |
| ၅၅ | စတော်ဘယ်ရီ | ဩစတေးလျ | ၂၅၀ ဂရမ် | ၃.၈၉ | ၁ ပိဿာ | ၂၂၇၁၀ | |
| ၅၆ | စပျစ်သီး | အမေရိကန် | ၁ ကီလိုဂရမ် | ၅.၅၀ | ၁ ပိဿာ | ၈၀၂၇ | |
| ၅၇ | သစ်တော်သီး | တောင်အာဖရိက | ၅ လုံး | ၂.၄၅ | ၁ လုံး | ၄၃၈ | |
| ၅၈ | ထောပတ်သီး | တောင်အာဖရိက | ၁ လုံး | ၁.၂၀ | ၁ လုံး | ၁၀၇၄ | |
| ၅၉ | ကော်ဖီမစ် | ၂၀ ဂရမ် ၂၅ ထုပ်ပါ Nescafe 3 in 1 Rich | ၁ ပါကင် | ၆.၁၅ | ၁ ပါကင် | ၅၅၀၂ | ⬆ |
| ၆၀ | ကော်ဖီမစ် | ၂၀ ဂရမ်အထုပ် ၄၀ ပါ Gold Roast 3 in 1 | ၁ ပါကင် | ၄.၆၀ | ၁ ပါကင် | ၄၁၁၆ | |
| ၆၁ | ကော်ဖီမှုန့် | Nescafe Delluxe ၂၀၀ ဂရမ် | ၁ ဘူး | ၆.၈၀ | ၁ ဘူး | ၆၀၈၄ | |
| ၆၂ | ကော်ဖီမှုန့် | Nescafe Gold ၂၀၀ ဂရမ် | ၁ ဘူး | ၁၂.၇၅ | ၁ ဘူး | ၁၁၄၀၇ | ⬆ |
| ၆၃ | နွားနို့ | Dutch Lady | ၁ လီတာ | ၂.၅၀ | ၁ လီတာ | ၂၂၃၇ | |
| ၆၄ | နွားနို့ | Marigold | ၁ လီတာ | ၂.၃၀ | ၁ လီတာ | ၂၀၅၈ | |
| ၆၅ | နို့ဆီ | Marigold Lady ၃၈၇ ဂရမ် | ၁ ဘူး | ၁.၆၀ | ၁ ဘူး | ၁၄၃၁ | |
| ၆၆ | အချိုရည် | Coca Colar | ၁.၅ လီတာ | ၂.၂၀ | ၁.၅ လီတာ | ၁၉၆၈ | |
| ၆၇ | အချိုရည် | Pepsi Colar | ၁.၅ လီတာ | ၁.၇၀ | ၁.၅ လီတာ | ၁၅၂၁ | |
| ၆၈ | ဆပ်ပြာခဲ | Dove ၁၀၀ ဂရမ် ၃ခဲ | ၁ ပါကင် | ၃.၈၅ | ၁ ပါကင် | ၃၄၄၅ | |
| ၆၉ | ဆပ်ပြာခဲ | Lux ၈၅ ဂရမ် ၆ခဲ | ၁ ပါကင် | ၂.၄၅ | ၁ ပါကင် | ၂၁၉၂ | |
| ၇၀ | သွားတိုက်ဆေး | Colgate Fresh Cool ၂၅၀ ဂရမ် | ၁ ဘူး | ၄.၁၀ | ၁ ဘူး | ၃၆၆၈ | |
| ၇၁ | သွားတိုက်ဆေး | Sensodyne ၁၀၀ ဂရမ် | ၁ ဘူး | ၅.၀၀ | ၁ ဘူး | ၄၄၇၃ | |
| ၇၂ | ဓါတ်ဆီ 98 | Shell V-power 98UL | ၁ လီတာ | ၂.၇၆ | ၁ လီတာ | ၂၄၆၉ | |
| ၇၃ | ဓါတ်ဆီ 98 | Shell 98UL | ၁ လီတာ | ၂.၄၁ | ၁ လီတာ | ၂၁၅၆ | |
| ၇၄ | ဓါတ်ဆီ 98 | SPC LEVO 98 | ၁ လီတာ | ၂.၃၁ | ၁ လီတာ | ၂၀၆၇ | |
| ၇၅ | ဓါတ်ဆီ 95 | Shell 95UL | ၁ လီတာ | ၂.၁၃ | ၁ လီတာ | ၁၉၀၆ | ⬇ |
| ၇၆ | ဓါတ်ဆီ 95 | SPC 95 | ၁ လီတာ | ၂.၁၂ | ၁ လီတာ | ၁၈၉၇ | |
| ၇၇ | ဓါတ်ဆီ 92 | SPC LEVO 92 | ၁ လီတာ | ၂.၀၈ | ၁ လီတာ | ၁၈၆၁ | |
| ၇၈ | ဒီဇယ် | Shell | ၁ လီတာ | ၁.၂၈ | ၁ လီတာ | ၁၁၄၅ | ⬇ |
| ၇၉ | ဒီဇယ် | SPC | ၁ လီတာ | ၁.၂၆ | ၁ လီတာ | ၁၁၂၇ | |

၂။ အထက်ပါဈေးနှုန်းများမှာ ၁၁.၈.၂၀၁၅ နေ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှထုတ်ပြန်သော ရည်ညွှန်းနိုင်ငံခြားငွေလဲနှုန်းအရ ၁ စင်ကာပူဒေါ်လာလျှင် ၈၉၄.၆၈ ကျပ်ဖြင့် မြန်မာအချင်အတွယ် စနစ်အလိုက် တွက်ချက်ထားခြင်းဖြစ်ပါသည်။ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့မှ ထုတ်ပြန်သည့် နိုင်ငံခြားငွေလဲနှုန်းအရ ယခုရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာတစ်ယူနစ်နှင့် ညီမျှသည့် စင်ကာပူဒေါ်လာတန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | နေ့ရက် | အမေရိကန်ဒေါ်လာ တစ်ယူနစ်နှင့်ညီမျှသည့် စင်ကာပူဒေါ်လာငွေ |
|---|---|---|
| ၁ | ၄.၈.၂၀၁၅ | ၁.၃၈၀၆ |
| ၂ | ၅.၈.၂၀၁၅ | ၁.၃၈၅၃ |
| ၃ | ၆.၈.၂၀၁၅ | ၁.၃၈၃၈ |
| ၄ | ၁၁.၈.၂၀၁၅ | ၁.၃၉၈၃ |

(နေအေးလွင်)
စီးပွားရေးသံမှူး